## ဓါးစာခံ (သို့မဟုတ်) တရားလို၏အခွင့်အရေး

လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရသူ ဓါးစာခံသည် အောက်ပါ ဥပဒေဆိုင်ရာ အခွင့်အရေးရှိသည်။ ၎င်းတို့မှာ –

- ရဲစခန်းသို့ လျှောက်တင်ချက် (သို့မဟုတ်) သတင်း အချက်အလက်ဆိုင်ရာ လျှောက်တင်ချက်ဖိုင်တွဲ ပြုလုပ်သင့်၊ မပြုလုပ်သင့် ဆုံးဖြတ်ပိုင်ခွင့်ရှိခြင်း၊
- ဓါးစာခံ၏ အဖြစ်မှန်နှင့်အချက်အလက်များကို စာရွက်စာတမ်း ဖြင့်တင်ပြပေးရန်နှင့် လွှဲပြောင်းခြင်းများ၊ လွှဲပြောင်းခြင်းများတွင် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရသူများအတွက် အစီအစဉ်များ အပါအဝင် ဥပဒေအရာရှိများနှင့် ဆက်သွယ်ခြင်းများ၊ (စီစီပီ အပိုဒ် ၅၆.၀၇)
- တက္ကဆက် ပြည်နယ်၏ အရေးပေါ် ခွဲစိတ် ကုသခန်းများ၌ ခံစားရလွယ်ကူ၍ ကျွမ်းကျင်သော ကုသမှုကို ခံရရန်၊ (အိတ်(ချ်) အက်(စ်)စီ အခန်း ၃၂၃)
- မုသား ဖော်ထုတ်စက်ကို (lie detector test) ဖြေဆိုရန် ငြင်းဆိုခြင်း၊
- ၎င်း အမှုနှင့် ဆက်လျဉ်း၍ တရားရုံး၌ရှိသော ၎င်း၏နာမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်များကို အတု သုံးထားနိုင်သည်။ (စီစီပီ အပိုင်း ၅၇. ၀၂)
- ထိုရာဇဝတ်တိုက်ခိုက်မှုကြောင့် ထိခိုက်နစ်နာ၍ ကုန်ကျသွားသော ဆေးဖိုးဝါးခများ၊ ပြောင်းရွှေ့ခြင်း စရိတ်များနှင့် ဆုံးရှုံးသွားသော လစာငွေပမာဏများအား ရာဇဝတ်မှု ဓါးစာခံများအား အလျော်ပေးသော အစီအစဉ်များမှ တဆင့် ၎င်းကုန်ကျစရိတ်ကို ပြန်လည်ရရှိရန်၊ (စီစီပီ အပိုဒ် ၅၆. ၃၂–၅၆. ၆၄)
- စွပ်စွဲချက် ပြီးဆုံးသည့်နောက် ၎င်းတိုက်ခိုက်ကျူးလွန်သူ၌ (HIV) ခန္ဓာကိုယ်ခံအားကျဆုံးမှုရောဂါရှိ၊ မရှိ ကြောင်း စမ်းသပ်စစ်ဆေးရခိုင်း၍ ၎င်း စစ်ဆေးချက်၏ ရလာဒ်အား လက်ခံရယူရန်၊ (စီစီပီ အပိုဒ် ၂၁.၃၁)
- အာမခံကာလ အတွင်းထိုသူ၏လုံခြုံရေးကို စဉ်းစားပေးစေသော အခွင့်အရေးရရှိရန။ (စီစီပီ အပိုဒ် ၅၆. ၀၂)
- ကတိပေးမှတ်တမ်းများ၊ အကြောင်းကြားစာများ စသည့် ဥပဒေအစီအစဉ်များကို အကြောင်းပေးရန်။ (စီစီပီ အပိုဒ ၅၆. ၀၂)
- ရုံးတော်တွင် အစစ်အဆေးမခံမီ တခြားသက်သေများနှင့် သီးခြားဖြစ်သည့် သီးသန့် နေရာတစ်ခု၊ (စီစီပီ အပို ၅၆.၀၂)
- ဓါးစာခံမှနေ၍ ၎င်း၏ နစ်နာချက်များကို စာရွက်စာတမ်းဖြင့် တင်သွင်းရန်၊ တိုတင်သွင်းသောစာရွက်စာတမ်းကို အပြစ်ပေးခြင်း၊ အာမခံစာ (parole) ထုတ်ပြန်ခြင်း၊ အစီစဉ်တွင်ထည့်သွင်းစဉ်းစားပေးခြင်း။
- လိုအပ်သော အချက်အလက် အပေါ် မူတည်၍ သင့်လျော်ပါက တက္ကဆက်ပြည်နယ် လျှို့ဝှက်ချက် လိပ်စာ အစီအစဉ်၌ ဓါးစာခံ၏ လိပ်စာကို လျှို့ဝှက်စွာ သိမ်းထားပေးရန် အခွင့်ရှိခြင်း၊ (စီစီပီ အပိုဒ် ၅၆. ၈၁)

## ကန့်သတ်ခြင်း၏ ဆောင်ပုဒ်

စီစီပီ အပိုဒ် ၁၂. ၀၁

ရာဇဝတ် ပြစ်မှုကြီး စွဲချက်များကို အောက်ပါ အချိန်အကန့်အသတ် အတွင်း တင်ပြရမည်။ ၎င်း အချိန် အကန့်အသတ်တို့မှာ –

အချိန် အကန့်အသတ် မရှိအမှုများ –

- ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ နှင့် ပက်သက်၍ မဟုတ်မမှန် ဆက်လက်ကျူးလွန်နေခြင်း၊
- ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အဓမ္မ ကျူးလွန်တိုက်ခိုက်ခြင်း၊
- ကလေးသူငယ်များအား လိင်ပိုင်းဆပိုင်ရာ ကျူးလွန်ခြင်း၊
- ကလေးငယ်အား မဖွယ်မရာ နှစ်လိုဖွယ် မရှိသော အမူဖြင့် ဆက်ဆံခြင်း၊
- ထိုကျူးလွန်သူ၏ မျိုးရိုးဗေဒ (DNA) သက်သေအား တင်ပြနိုင်ခြင်း၊

ထိုဓါးစာခံ၏ ၁၈ နှစ်ပြည့် မွေးနေ့မှ နှစ် ၂၀ ထိ

- ထို ကလေးငယ်၏ လိင်ပိုင်းဆိုင်ရာ ဖျော်ဖြည်မှုများ၊
- ပိုမိုဆိုးရွားသော ပြန်ပေးဆွဲ၍ လိင်ပိုင်းဆိုင်ရာ မတော်မတရား ကျငကြံရန် ရည်ရွယ်ခြင်း၊
- နေထိုင်သည့် နေရာသို့ လိင်ပိုင်းဆိုင်ရာ မတော်မတရား ကျင့်ကြံရန် ခိုးဖောက်ဝင်ရောက်ခြင်း၊

အမှုရင်ဆိုင်သည့်နေ့မှ စ၍ နှစ် ၁၀ နှစ်အတွင်း

- အရွယ်ရောက်သူအပေါ် လိင်ပိုင်းဆိုင်ရာ မတော်မတရား ကျငကြံမှု၊
- အရွယ်ရောက်သူအပေါ် အတင်းအဓမ္မ လိင်ပိုင်ဆိုင်ရာ မတော်မတရား ကျငကြံမှု၊

တက္ကဆက်ပြည်နယ် ပြစ်ဒဏ်ပေးခြင်းနှင့်ဆိုင်သော ဥပဒေကျမ်းရှိ အပိုဒ် ၂၁ နှင့် ၂၂ သည်–

- ကလေးငယ်အား မဖွယ်မရာ နှစ်လိုဖွယ်မရှိသော အမူ ဖြင့် ဆက်ဆံမှု။
- လိင်ပိုင်းဆိုင်ရာ မတော်မတရား ကျင့်ကြံမှု၊
- အဓမ္မ လိင်ပိုင်းဆိုင်ရာ မတော်မတရား ကျင့်ကြံမှု များနှင့်၊
- အခြားသော လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများကို ရှင်းလင်းပြသထားသည်။

ဤအမှု၌ ကလေးငယ် ဆိုသည်မှာ အသက် ၁၇ နှစ် အောက်ရှိ လူငယ်များကို ခေါ် ဆို၍ ၎င်းလူငယ်သည် သရုပ်ဆောင်၏ ဇနီး၊ ခင်ပွန်း မဟုတ်ပါ၊

## အရင်းအမြစ်များ၊

အပြည်ပြည်ဆိုင်ရာ အဓမ္မကျင့်ခြင်း၊ မတော်မတရားလုပ်ခြင်း၊ သွေးသားတော်စပ်သူ အချင်းချင်း ကာမဆက်ဆံခြင်း ကွန်ယက်၊
၁–၈၀၀–၆၅၆–၄၆၇၃ • www.rainn.org

တက္ကဆက်ပြည်နယ် အကြံပေး အကျိုးတော်ဆောင်များ စီမံကိန်း
၁–၈၈၈–၂၉၆–၇၂၃၃ • www.texasadvocacyproject.org

တက္ကဆက် လွီရိုဂရန်တေ ဥပဒေဆိုင်ရာ အကူ
၁–၈၈၈–၉၈၈–၉၉၉၆ • www.trla.org

အနောက်မြောက်တက္ကဆက် ပြည်နယ်၏ ဥပဒေပိုင်းဆိုင်ရာအကူ
၁–၈၈၈–၄၂၉–၅၂၇၇ • www.lanwt.org

လုံးစတား ဥပဒေပိုင်း ဆိုင်ရာ အကူ
၁–၈၀၀–၇၃၃–၈၃၉၄ • www.lonestarlegal.org


အသက်အရွယ်ရှိပြီးဖြစ်သော တက္ကဆက် ပြည်နယ်သားများ အတွက် ဥပဒေဆိုင်ရာ ချက်ချင်း ဆက်သွယ်နိုင်သော အကူအညီ ဖုန်းလိုင်း
၁–၈၀၀–၆၂၂–၂၅၂၀ • www.tlsc.org/hotline.html

တက္ကပြည်နယ် ပြည်နယ်ရေးရာစီမံကိန်း
၁–၅၁၂–၄၇၄–၅၀၇၃ • www.texascivilrightsproject.org

အသက်အရွယ်ရှိပြီးဖြစ်သော တက္ကဆက် ပြည်နယ်သားများ အတွက် ဥပဒေဆိုင်ရာ ချက်ချင်း ဆက်သွယ်နိုင်သော အကူအညီ ဖုန်းလိုင်း
၁–၈၀၀–၆၂၂–၂၅၂၀ • www.tlsc.org/hotline.html

တက္ကပြည်နယ် ပြည်နယ်ရေးရာစီမံကိန်း
၁–၅၁၂–၄၇၄–၅၀၇၃ • www.texascivilrightsproject.org

# လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရခြင်းနှင့် ပက်သက်၍ တရားဥပဒေဆိုင်ရာ အရင်းအမြစ်



TAASA
Texas Association Against Sexual Assault
6200 La Calma, Suite 110
Austin, Texas 78752
www.taasa.org

National Sexual Assault Hotline 1-800-656-HOPE
Free. Confidential. 24/7.

# လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရခြင်းနှင့် ပက်သက်၍ တရားဥပဒေဆိုင်ရာ အရင်းအမြစ်

ဤကြော်ငြာ စာရွက်ခေါက် ကလေးသည် တက္ကဆက် (Texas) ပြည်နယ်ရှိ လိင်ပိုင်းဆိုင်ရာအဓိက တိုက်ခိုက်ခံရသည့် အသေးစိတ် အခြေအနေအရပ်များကို လွယ်လွယ်ကူကူလမ်းညွှန်ရန်နှင့် ထိုအခြေအနေများကို မှန်မှန်ကန်ကန်တင်ပြနိုင်ရန် စီမံပြုလုပ်ထားသည်။ သို့ပေမဲ့။ ဤစာရွက်သည် တက္ကဆက်ပြည်နယ်ရှိ အထောက်အထား ပြည့်စုံသော လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရသူများအား အကျိုးသက်ရောက်စေမည့် ဥပဒေဟူ၍လည်းမဆိုနိုင်ပါ။ ၎င်းအပြင်သေချာ ဘာသာပြန်ထားသော တက္ကဆက်ပြည်နယ် ၏ဥပဒေလည်းမဟုတ်ပါ၊ မေးခွန်းများပေါ်ပေါက်လာပါက ရှေ့နယ်များ၊ ခံစားခဲ့ရသူများနှင့် တခြားသူများသည် အဖြစ်အပျက်အမှန်ကို အကျိုးဆောင်အား တင်ပြနိုင်ပါသည် (ဝါ) ဆွေးနွေးနိုင်ပါသည်။

စီစီပီ (CCP) ၏ ကိုးကားချက်မှာ တက္ကဆက်ပြည်နယ် ရာဇဝတ်မှု လုပ်ထုံးလုပ်နည်းဆိုင်ရာ ဥပဒေကျမ်းဖြစ်၍ အိပ်(ချ်)အက်(စ်)စီ (HSC) ၏ ကိုးအားချက်မှာ တက္ကဆက်ပြည်နယ်၏ ကျန်းမာရေးနှင့် လုံခြုံရေး ဥပဒေကျမ်းဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မ၍နှင့် တိုက်ခိုက်ခြင်း အဓိပ္ပါယ်ဖွင့်ဆိုချက်အား အခန်း ၂၁ နှင့် ၂၂ ရှိ တက္ကဆက် ပြစ်ဒဏ်ပေးခြင်းနှင့် ဆိုင်သော ဥပဒေကျမ်း၌ တွေ့ရှိနိုင်သည်။ ထိုဥပဒေကျမ်းအားလုံးအား အင်တာနက်ပေါ်ရှိ 'www.statues.legis.state.tx.us' ၌ တွေ့ရှိနိုင်ပါသည်၊

## ဆေးရုံ၌

အကယ်၍ ထိုလိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခြင်းသည် ၉၆ နာရီအတွင်း ဖြစ်ပွားခဲ့ပါက ထိုဆေးရုံသည် မှုခင်းဆိုင်ရာ ဆေးစစ်ချက်ကို သက်သေအထောက်အထား စုဆောင်းသည့်အနေဖြင့် ပြုလုပ်ရမည် (သို့မဟုတ်) ထိုလူနာအား မှုခင်းဆိုင်ရာ ဆေးစစ်ချက် ပြုလုပ်နိုင်သည့် ဆေးရုံသို့ လွှဲပြောင်းပေးရမည်။ (အိပ် (ချ်)အက်(စ်)စီ ၃၂၂.၀၀၄ (HSC 332.004))

ထိုအမှုအား သက်ဆိုင်ရာ ဥပဒေရုံးသို့ တင်ပြသည် ဖြစ်စေ၊ မတင်ပြသည်ဖြစ်စေ၊ ထိုလိင်မှုဆိုင်ရာ အဓမ္မအကျင့်ခံရသော တန်ဆာခံ၏ မှုခင်းဆိုင်ရာ ဆေးစစ်ချက်ပြုလုပ်ရာတွင် ထိုသူများထံမှ ငွေကောက်ခံခြင်း မပြုရ။ (စီစီပီ အပိုဒ် ၅၆. ၀၆ နှင့် ၅၆. ၀၆၅) (CCP Article 56.05 and 56.065)

ထိုသို့သော မှုခင်းဆိုင်ရာ ဆေးစစ်ချက်ကို ပြုလုပ်နေစဉ်တွင် ထိုအမှုသည် ၎င်း၏ အကျိုးဆောင်ပုဂ္ဂိုလ် (သို့မဟုတ်) ၎င်းရွေးချယ်သော အခြား ထောက်ပံ့ပေးသည့် ပုဂ္ဂိုလ်တေား၌ရှိဖို့ရန် အခွင့်အရေးရှိသည်၊ (စီစီပီ အပိုဒ် ၅၆. ၀၄၅) (CCP Article 56.045)

## အာမခံငွေ၊ စာချုပ်နှင့် နောက်ဆက်တွဲများ

စွပ်စွဲခံရသူသည် လျော်ကန်သော အာမခံရှိရန် အခွင့်အရေးရှိသည်။ ထိုအာမခံချက်သည် တန်ဖိုးအားဖြင့် မြင့်မားသည့်စွပ်စွဲခံထားရသူ တရားရုံးသို့မှချလာအောင် ဆောင်ရွက်ထားရှိခြင်းသာဖြစ်သည်။ ၎င်းအာမခံချက်ပြစ်ဒါဏ်ချမှတ်ရာတွင် အသုံးမဝင်ပါ။ ခုခံခြင်း၏သဘောသဘာဝသည် ခံစားခဲ့ရသူ၏နောင်လုံခြုံမှုလည်း ဖြစ်သည်။ ၎င်းအပြင်လူထုသည် ထိုအရာကိုစဉ်းစားသင့်ပါသည်။ (စီစီပီ အပိုဒ် ၁၇. ၁၅ နှင့် ၁၇. ၄၀) (CCP Article 17.15 and 17.40)

ဓါးစာခံသည် အသက် ၁၄ နှစ်အောက် ဖြစ်ပါက စာချုပ်၏ အခြေအနေမှာ၊ ထို ခုခံသူ (စွပ်စွဲခံရသူ) သည် ထို ကလေးရှိရာ ကျောင်းအနီးအတွင်းသို့ ဖြစ်စေ၊ နေထိုင်သည့် နေအိမ်နားသို့ ဖြစ်စေ သွားရောက်ခြင်းမှ ရှောင်ကြဉ်ရန် အမှုခင်း တရားသူကြီးမှ အမိန့်ပေးစီရင်ရမည် ဖြစ်သည်။ ထိုခုခံသူ (အစွပ်စွဲခံရသူ) သည် ထို ဥပဒေ အချက်များကို ချိုးဖေါက်ပါက တရားသူကြီးသည် ထိုအာမခံကြေးနှင့် စာချုပ်ကို ဖျက်သိမ်း၍ အနာဂါတ၌ အာမခံဖြင့် လွှတ်ပေးခြင်းမှ ငြင်းပယ်နိုင်သည်။ (စီစီပီ အပဒ် ၁၇. ၄၁ နှင့် ၁၇. ၁၅၃) (CCP Article 17.41 and 17.153)

ခိုက်ရန်ဖြစ်ပွါးသောမိသားစုမှ အသက် ၁၇ နှစ်အောက်ထိခိုက်နိုင်သူများနှင့် လင်ပိုင်းဆိုင်ရာ တံဆာခံဖြစ်သူများအတွက် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် အခြေအနေများ အတွက် ခွင့်ပြုခြင်း (ဝါ) ငြင်းပယ်ခြင်းကို တရားရုံးတော်သည်နောက်ဆက်တွဲ အခြေအနေများ၏ ဆိုးကျိုးသက်ရောက်မှုကိုစောင့်ဆိုင်းပြီးမှ ဆုံးဖြတ်ပါမည်။ အကယ်၍ တောင်းဆိုမှုရှိပါက တရားရုံးသည် ဤကဲ့သို့ပြုလုပ်ရခြင်းကိုမှတ်တမ်းများတွင်ဖေါ်ပြထားရမည်။ (CCP Article 29.14)

## ပြည်တွင်းဆိုင်ရာ တရားစွပ်စွဲချက်များ

တရားလိုသည် မိမိအား တိုက်ခိုက်သူအား တရားစွဲဆို နိုင်သည်။ တရားသူကြီးက တိုက်ခိုက်သူအား ခန္ဓာပိုင်းဆိုင်ရာ ထိခိုက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးမှု အတွက် တရားလိုထံ ငွေရေးကြေးရေး လျော်ပေးရန် အမိန့်ချနိုင်သည်။ ကန့်သတ်ထားသော အခြေအနေများတွင် ထို တရားလိုသည် တတိယလူ၏ တာဝန်ဝတ်တရားကိုပါ ကိုင်တွယ်နိုင်သည်။ သက်သေအထောက်အထား ပြသမှု ဝန်ထုပ်ဝန်ပိုးများ၌ ပြည်တွင်းဆိုင်ရာ တရားရုံးများသည် ရာဇဝတ်သားများအား စွဲချက်တင်ခြင်းများ ထက်ပို၍ နည်းပါးသည်။

အကယ်၍ ထို တိုက်ခိုက်သူများ (သို့မဟုတ်) တတိယလူများသည် ငွေရေးကြေးရေး တတ်နိုင်သည့် အခြေအနေရှိပါက အကျိုးဆောင်ရှေကနေများ သည် ဤကိစ္စကို ကိုယ်တွယ်ဖြေရှင်းမည် ဖြစ်သည။ ထို တိုက်ခိုက်သူများ ငွေရေးကြေးရေး မရှိပါက ထိခိုက်နစ်နာမှု ဆုကြေးများ အတွက် တရားရုံးမှ ရယူပေးရန် မဖြစ်နိုင်ပါ။ ထို့ကြောင့် ရှေ့နေတော်တော်များများသည် ထို အမှုအား မယူကြချေ၊ ထိုအမှား ကျူးလွန်သူ (သို့မဟုတ်) ထိုပေ့ါဆသော တတိယလူ အား တရားစွဲရန်၊ မစွဲရန် နှင့် ပက်သက်၍ တရားလိုသည် ပြည်တွင်းဆိုင်ရာ ရှေကနေဖြင့် တိုင်ပင်သင့်သည။

အသက် ၁၈ နှင့် အောက်ရှိ လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရသော တရားလိုသည် ထို တရားရုံးက ၎င်း အမှုအား လိုက်နေစဉ် မိမိ မည်သူမည်ဝါ ဖြစ်ကြောင်းကို မဖေါ်ထုတ်လိုပါက လျှို့ဝှက်ထားနိုင်သည်။ (ပြည်တွင်းဆိုင်ရာ ကျင့်သုံးမှု နှင့် ကောင်းအောင် ပြုပြင်သော ဥပဒေကျမ်း အပိုင်း ၃၂. ၀၁၃)

## အကာအကွယ်ပေးသော အမိန့် (Protective Order)

အကာအကွယ်ပေးသော အမိန် (Protective Order) သည် ပြည်တွင်းဆိုင်ရာ တရားရုံးမှချမှတ်သော အမိန့်ဖြစ်သည်။ ၎င်းသည် တရားမအမှုရော၊ ရာဇဝတ်မှုပါဖြစ်သည်။ ထို အမိန့်ကို ကျူးလွန်ဖောက်ဖက်ပါက တရားလိုရော၊ တရားခံပါ ဖောက်ဖျက်ခြင်း၏ အကျိုးဆက်ကို ခံစားရမည်ဖြစ်သည။ ထို အကာအကွယ်ပေးသော အမိန့် အချခံရထားသူသည် ထို တားမြစ်ချက်ကို ဖောက်ဖျက်ပါက ဖမ်းဆီးခံရခြင်းနှင့် စွဲချက်တင်ခြင်းကို ခံရမည်ဖြစ်သည်။ ထိုအကာအကွယ်ပေးသော အမိန့် ကို လျှောက်ထားရန် (သို့မဟုတ်) ရရှိရန်အတွက် ရာဇဝတ်မှု ဆိုင်ရာ စွပ်စွဲချက်ကို တင်သွင်းရန် မလိုအပ်ပေ။

လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုကို ခံရသော ဓါးစာခံသည် ၎င်းနှင့် ထို နောက်ယှက်သူကြား ၌ မည်သည့် ဆက်နွယ်မှု ပုံစံ ရှိသည်ဖြစ်စေ၊ ထို အကာအကွယ်ပေးသော အမိန့် (Protective Order) အား လျှောက်ထားနိုင်သည်။ ကလေး ဓါးစာခံ တရားလိုသည် သူကိုယ်တိုင်ဖြစ်စေ၊ သူ၏ မိဘအားဖြင့်ဖြစ်စေ၊ ရှေ့နေ၏ အကူအညီဖြင့် ဖြစ်စေ ထို အကာအကွယ်ပေးသော အမိန့် အား လျှောက်ထားနိုင်သည်။

ထို လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရသူ၏ အကာအကွယ်ပေးသော အမိန့ သည် ယေဘုယအားဖြင့် ၂ နှစ်အထိ အကျုံးဝင်သည။ သို့သော ဘဝတလျှောက်လုံး ကာကွယ်ပေးသော အမိန့် ကိုလည်း ရရှိနိုင်သည်။ ထို အမိန့်ကို လျှောက်လိုပါက ဖေါင် (Form) နှင့် အညွှန်းအား www.women-law.org/documents.php ၌ ရရှိနိုင် ပါသည်။ (စီစီပီ အခန်း ၇၊က)

ထို တရားခံ ကျူးလွန်သူသည် မိသားစု အတွင်း အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခြင်းများ၌ ပါဝင်နေပါက ထိုသူအား ဖမ်းဆီး ပြီးနောက် ထိုတရားသူကြီးရှေ့၌ ရှိသော တရားခံ၏ အသွင်အပြင်ကို ကြည့်ရှု၍ တရားသကြီးသည် အရေးပေါ် အကာအကွယ်ပေးသော အမိန့် (Emergency Protective Order) ကို ချမှတ်ပေးမည် ဖြစ်သည်။ ဓါးစာခံသည် ရေရှည်အကာအကွယ် အမိန့်အား စောင့်မျှော်နေစဉ် ၎င်း အရေးပေါ် အကာအကွယ် အမိန့်သည် ရက် ၃၀ မှ ၉၀ ရက် ထိသည်။ (စီစီပီ အပိုဒ် ၁၇. ၂၉၂)

## လျှို့ဝှက်အပ်သော (သို့မဟုတ်) အခွင့်ထူး။

တက္ကဆက်ပြည်နယ် ၌ရှိသော သက်သေဆိုင်ရာ စည်းမျဉ်း လမ်းစဉ်၊ အပိုဒ် ၅ (စည်းမျဉ်း ၅၀၁–၅၁၃) သည် အောက်ပါ အစိုးရ ဆက်သွယ်ခြင်း စည်းမျဉ်းလမ်းစဉ်များ ပါဝင်သည်။

- ထိုလျှို့ဝှက်အပ်သော ဆက်သွယ်ခြင်း လမ်းစဉ်တစ်ခုမှာ ထို တတိယလူထံသို့ ဖော်ပြရန် မဟုတ်ပဲ၊ တရားရုံး၌ ဖော်ထုတ် တင်ပြရမည် ဖြစ်သည်။
- အခွင့်ထူး ဆက်သွယ်ရေး လမ်းစဉ်တစ်ခုမှာ တရားရုံး၌ ဖြစ်စေ။ ဥပဒေဆိုင်ရာ ပြုလုပ်ပုံ ပြုလုပ်နည်း၌ ဖြစ်စေ ဖေါ်ထုတ် ပြသရန် မလိုအပ်ပါ။
- လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်ခံရသူ ဓါးစာခံနှင့် ၎င်း၏ အကျိုးဆောင် ရှေ့နေအတွင်းရှိသော ဆက်သွယ်မှုသည် ထောက်ပံ့ရေးအရဖြစ်ပါသည်။ (အိပ်(ချ်)အက်(စ်) (စီ ၄၄. ၀၇၁)